# မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်း



## COVID – 19 ရောဂါကူးစက်မှု
## ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်သော
## သွားနှင့်ခံတွင်း ကုသမှုဆိုင်ရာ
## လုပ်ငန်းလမ်းညွှန်

**မြန်မာနိုင်ငံသွားနှင့်ခံတွင်း ဆရာဝန်အသင်းပညာရပ်ဆိုင်ရာကော်မတီမှ**
**အသင်းဝင်သွားနှင့်ခံတွင်းဆရာဝန်များအတွက် အခမဲ့ထုတ်ဝေပါသည်။**
**နိုဝင်ဘာလ၊ ၂၀၂၀**

Scanned with CamScanner

ဤလမ်းညွှန်စာအုပ်ကို ၂၀၂၀ခုနှစ်အောက်တိုဘာလ (၂၀) ရက်နေ့က UK-NHS မှထုတ်ဝေသည့် COVID-19: infection prevention and control dental appendix စာအုပ်ပါ အချက်အလက်များကို အခြေခံ၍ ပြုစု ထားခြင်းဖြစ်ပြီး သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်များအနေဖြင့် ဤစာအုပ်ပါ အချက်အလက်များကို လုပ်ငန်းလမ်း ညွှန်အဖြစ် အခြေခံသုံးစွဲနိုင်ပြီး သက်ဆိုင်ရာဒေသန္တရအစိုးရနှင့် အာဏာပိုင်များမှ ညွှန်ကြားချက်များကို အထူး လိုက်နာဆောင်ရွက်သင့်ပါသည်။

စာအုပ်ပြုစုသူများ

၁။ တွဲဖက်ပါမောက္ခဒေါက်တာမြတ်ဉာဏ် - ဥက္ကဋ္ဌ၊ ပညာရပ်ဆိုင်ရာကော်မတီ၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်း

၂။ ဒေါက်တာစမ်းသီတာအောင် - အတွင်းရေးမှူး၊ ပညာရပ်ဆိုင်ရာကော်မတီ၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်း



Scanned with CamScanner

# မာတိကာ


၁။ သွားနှင့်ခံတွင်းကုသမှုများအတွက် အရေးကြီးအချက်များ ၄

၂။ သွားနှင့်ခံတွင်းကုသမှုပေးရာတွင် ဆောင်ရွက်သင့်သည့်အချက်များ ၅

၃။ စံပြလိုက်နာကျင့်သုံးရန် ရောဂါကာကွယ်ထိန်းချုပ်ရေး ဆောင်ရန်ရှောင်ရန်
အချက်များ ၈

၄။ ရောဂါကူးစက်ပြန့်ပွားမှု အခြေပြုလိုက်နာရန်အချက်များ -
Transmission-based precautions ၁၂

၅။ လေရေအမှုန်အမွှားထွက်စေသောကုသမှုဆိုင်ရာ အချက်အလက်များ ၁၃

၆။ အသက်ရှူလမ်းကြောင်း ကာကွယ်ရေးပစ္စည်းအပါအဝင် ကူးစက်
ရောဂါကာကွယ်ဝတ်စုံများ အသုံးပြုခြင်း ၁၄

၇။ လေဝင်လေထွက်လိုအပ်ချက်များ ၁၄

၈။ ပတ်ဝန်းကျင် အန္တရာယ် လျှော့ချရေးဆိုင်ရာ အကြံပြုချက်များ ၁၅

၉။ လေရေအမှုန်အမွှားထွက်စေသော ကုသမှုအပြီး စောင့်ဆိုင်းရန်အချိန်
(Post AGP downtime) ၁၆




Scanned with CamScanner

**အခန်း(၁) သွားနှင့်ခံတွင်းကုသမှုများအတွက်အရေးကြီးအချက်များ**

သွားနှင့်ခံတွင်းရောဂါဝေဒနာရှင်များကို COVID-19 ရောဂါရှိနိုင်သည့် သံသယ အဆင့် (နည်းပါး/အလယ် အလတ်နှင့် မြင့်မား) ရှိသူများအဖြစ် ခွဲခြားရန်လိုအပ်ပါသည်။ လူနာများကို သွားနှင့်ခံတွင်းကုသမှုမပေးခင် COVID-19 ရောဂါအခြေအနေနှင့် ပတ်သက်၍ စစ်ဆေးမေးမြန်းခြင်း၊ သွားနှင့်ခံတွင်းဝေဒနာ ပြင်းထန်မှုအခြေအနေ စစ်ဆေးမေးမြန်းခြင်း နှင့် ဖြစ်နိုင်ပါက COVID-19 test လုပ်ရပါ မည်။

COVID-19 ရောဂါသံသယ (ဖြစ်နိုင်ခြေမြင့်မား) ရှိသူကို အရေးပေါ်သွားနှင့်ခံတွင်း ကုသမှုပေး ရန်လိုအပ်ပါက အရေးပေါ်ကုသမှုကိုသာ ပေးရမည်ဖြစ်ပြီး အခြားလူနာများအား ကူးစက်မှုမဖြစ်စေရန် သီးသန့်အချိန် သို့မဟုတ် သီးသန့်ကုသခန်း တွင်သာ ကုသမှုပေးရမည်။

COVID-19 ရောဂါသံသယလူနာ (ဖြစ်နိုင်ခြေ အလယ်အလတ်နှင့် မြင့်မားအဆင့်) များကို သွားနှင့်ခံတွင်းရောဂါ ကုသမှုပေးရာတွင် လေရေအမှုန်အမွှား ထွက်သောကုသမှုများ (Aerosol Generating Procedures – AGP) ပေးရန်လိုအပ်ပါက လေမှတဆင့် ရောဂါမကူးစက်စေရန် လိုက်နာဆောင်ရွက်ရမည့် ဆောင်ရန်ရှောင်ရန်အချက်များ (Airborne Precautions) အတိုင်း လုပ်ဆောင်ရန် လိုအပ်ပါသည်။ COVID-19 ရောဂါသံသယ (နည်းပါး အဆင့်) လူနာကို လေရေအမှုန်အမွှားထွက်သော ကုသမှုပေးရန် လိုအပ်ပါက စံပြုလိုက်နာကျင့်သုံးရန် ရောဂါကာကွယ်ထိန်းချုပ်ရေး ဆောင်ရန်ရှောင်ရန် အချက်များ (Standard Infection Control Precautions) အတိုင်း မဖြစ်မနေ လုပ်ဆောင်ရမည်။

သွားနှင့်ခံတွင်းကုသမှုများ ပေးနေစဉ်အတွင်း အခန်းတွင်းလေဝင်လေထွက်နှုန်း (Air Changer Per Hour – ACH) ကို သတိထား ဆန်းစစ်သင့်ပါသည်။

COVID-19 ရောဂါ သံသယလူနာ (အလယ်အလတ်နှင့်မြင့်မားအဆင့်) များကို လေရေအမှုန် အမွှားထွက်သောကုသမှု (AGP) ပေးအပြီးတွင် Post AGP down time/fallow time (လေထဲမှ အမှုန်အမွှားများ လျော့နည်းပျောက်ကွယ်သွားရန် စောင့်ဆိုင်းရန်လိုအပ်ချိန်) သည် အခန်းတွင်း လေဝင် လေထွက်နှုန်းနှင့် လေအမှုန် အမွှားပျံ့နှံ့မှုနည်းစေရန် လုပ်ဆောင်ချက်များပေါ်တွင် မူတည်နေပြီး ထိုအချိန်ကို ၁၀မိနစ်အောက် မနည်းစေရ။



Scanned with CamScanner

ကုသမှုပေးနေစဉ်အတွင်း လေရေမှုန်ရေမွှားများ လျော့နည်းစေရန် High-Volume Suction နှင့် Rubber Dam များကို ပုံမှန်သုံးစွဲပေးသင့်ပြီး အခန်းတွင်း လေဝင်လေထွက် နည်းပါးသော အခြေအနေတွင် မဖြစ်မနေ သုံးစွဲရန်လိုအပ်ပါသည်။

လေရေအမှုန်အမွှား ထွက်သောကုသမှု များ (AGPs) ကို သဘာဝလေဝင်လေထွက် မရှိသော (သို့မဟုတ်) လေဝင်လေထွက် ကောင်းမွန်အောင် စက်တပ်ဆင်မထားသည့် အခန်း တွင်မလုပ်ဆောင်သင့်ပါ။ (natural/mechanical ventilation) ကုသမှုပေးနေစဉ်အတွင် လူချင်းခပ်ခွာခွာနေခြင်း (Physical Distancing)၊ လက်ဆေးခြင်းနှင့် အသက်ရှူလမ်းကြောင်း ဆိုင်ရာအကာအကွယ် (Mask တပ်ဆင်ခြင်း)တို့ကို လုပ်ဆောင်ရပါမည်။

## အခန်း(၂) သွားနှင့်ခံတွင်း ကုသမှုပေးရာတွင် ဆောင်ရွက်သင့်သည့်အချက်များ

သွားနှင့်ခံတွင်း ဆေးရုံ/ဆေးခန်းသို့ လူနာမလာရောက်မီ (သို့) ချိန်းဆိုထားသည့် လူနာရောက်ရှိလာသည်နှင့် တပြိုင်နက်တွင် COVID-19 ရောဂါနှင့်ပတ်သက်၍ စစ်ဆေးမေး မြန်းခြင်း (ဖျားခြင်း၊ တုန်ချမ်းခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူမဝခြင်း/ခက်ခဲခြင်း၊ မောပန်း နွမ်းနယ်ခြင်း၊ ကြွက်သားများကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ အနံ့အရသာပျောက်ခြင်း၊ လည်ချောင်းနာခြင်း၊ နှာစေးနှာပိတ်ခြင်း၊ ပျို့အန်ခြင်း၊ ဝမ်းလျှောခြင်းစသည့် လက္ခဏာများ၊ ၁၄ရက်အတွင်း ရောဂါသံသယရှိသူ/အတည်ပြုလူနာနှင့် ထိတွေ့မှုရာဇဝင် -ဖြေအကွာ အဝေး အတွင်း ၁၅ မိနစ်ကျော်ထိတွေ့မှုရှိခြင်း)၊ လူနာ၏ သွားနှင့်ခံတွင်းရောဂါ ပြင်းထန်မှု အခြေအနေ မေးမြန်းခြင်းတို့ကို ပြုလုပ်ရပါမည်။

COVID-19 ရောဂါရှိသည်ဟု အတည်ပြုသတ်မှတ်နိုင်သည့် ရောဂါလက္ခဏာရှိသူ သည် မည်သည့်အခြေ အနေ၌မဆို **သွားနှင့်ခံတွင်းဆေးခန်း** သို့ မသွားရောက်သင့်ပါ။

ဆေးခန်းအဝင်တွင်လည်း COVID-19 ရောဂါလက္ခဏာများကို ခံစားနေရပါက ဆေးခန်းတွင်း ဝင်ရောက်ပြသခြင်းမပြုစေရန် မေတ္တာရပ်ခံခြင်းနှင့် အရေးပေါ်ကုသမှုလိုအပ် နေပါက ရရှိနိုင်မည့်နေရာသို့ လမ်းညွှန်အသိပေးခြင်းစသည့် အချက်များကို မြင်သာအောင် ချိတ်ဆွဲထားသင့်ပါသည်။



Scanned with CamScanner

COVID-19 ရောဂါသံသယရှိသူ (မြင့်မားအဆင့်)အား လိုအပ်ပါက အရေးပေါ် သွားနှင့်ခံတွင်းရောဂါဝေဒနာ များကိုသာ ကုသမှုပေးရန်ဖြစ်ပြီး အခြားလူနာများနှင့် မထိတွေ့စေရန် အချိန် (သို့) ကုသခန်း ခွဲခြားကုသရမည် ဖြစ်ပါသည်။

ဆေးခန်းအဝင်/အထွက်တိုင်းတွင် လက်ဆေးရန်နှင့် Mask များအလွယ်တကူ ရယူနိုင်ရန် ပြင်ဆင်ပေး ထားသင့်ပါသည်။ ဖြစ်နိုင်ပါက waiting room တွင် လူနာများကို ၂မီတာ (၆ပေ) စီခြား စောင့်ဆိုင်းစေခြင်းနှင့် လူနာခြင်း မထိတွေ့စေရန် အချိန်ခြားချိန်းဆိုခြင်း ပြုသင့်ပါသည်။

အခန်းတစ်ခန်းအတွင်း သွားကုသခုံတစ်လုံးထက် ပိုထားရှိသောဆေးခန်းဖြစ်ပါက ကုသခုံများကို ၆ပေစီခြားထားပြီး၊ လေရေအမှုန်အမွှားထွက်သောကုသမှုများ (AGP) ပေးမည့် ခုံများကို အနည်းဆုံး ၆ပေပတ်လည်ရှိ အကာအရံများ တပ်ဆင်ကာရံပေးပြီး ထိုနေရာတွင်းသို့ လေဝင်လေထွက် ကောင်းအောင် စီမံထားရပါမည်။

ကုသခန်းထဲသို့ ( ကလေးလူနာနှင့် စောင့်ရှောက်သူလိုအပ်သော လူနာများမှလွဲ၍) လူနာတစ်ဦး တည်းကိုသာ ဝင်ခွင့်ပြုသင့်ပါသည်။ ကုသခန်းထဲတွင် ဆရာဝန်၊ သူနာပြုနှင့် အကူများအားလုံး Mask ကို တစ်ချိန်လုံး တပ်ထားရပါမည်။ လူအများရှိသောနေရာများ ဥပမာ ဆေးရုံ၊ ပြင်ပလူနာ စောင့်ဆိုင်းခန်းနှင့် သွားနှင့်ခံတွင်း ဆေးခန်းတွင် Face Shield ကိုပါ တပ်ဆင်သင့်ပါသည်။ လူနာများစောင့်ဆိုင်းရာ နေ့ခန်းနှင့် ကုသမှုပေးသော အခန်းများတွင် မလိုအပ်သော အလှဆင်ပစ္စည်းများ ဖယ်ရှားပြီး သန့်ရှင်းအောင် ထားရပါမည်။ COVID-19 ရောဂါ သံသယအခြေအနေကို အောက်ပါအတိုင်း ခွဲခြားနိုင်ပါသည်။



Scanned with CamScanner

| မြင့်မား | အလယ်အလတ် | နည်းပါး |
|---|---|---|
| (က) ရောဂါရှိမရှိစစ်ဆေးမှု မခံရသေးသူ - ရောဂါလက္ခဏာရှိမရှိမသိရ (သို့) | (က) ရောဂါလက္ခဏာမရှိသူ -ရောဂါရှိသူနှင့် ထိတွေ့မှုရာဇဝင်မရှိဘဲ ဆေးစစ်ချက်အဖြေ စောင့်ဆိုင်း နေသူ (သို့) | (က)ရောဂါလက္ခဏာမရှိသူ-ကိုဗစ်သံသယရှိသူနှင့် ထိတွေ့မှုရှိပြီး၊ သီးခြားခွဲနေထိုင်ခဲ့ကာ လွန်ခဲ့သော ၇၂နာရီအတွင်း COVID-19 Test(-ve) ဖြစ်သူ (သို့) |
| (ခ) COVID-19 (+ve)အတည်ပြုလူနာများ အားပြုစု စောင့်ရှောက်သူ (သို့) | ရောဂါလက္ခဏာမရှိသူ-ရောဂါရှိ /မရှိ မသိသော်လည်း ဆေးစစ်ခြင်း မလိုအပ်သူ(သို့) မစစ်ဆေးရသေးသူ (သို့) | (ခ) COVID-19 ရောဂါပျောက်ကင်းသက်သာပြီး အနည်းဆုံး ၃ရက်ဆက် တိုက် အဖျားမရှိသူ/ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာမရှိသူ - COVID-19 Test(-ve) ဖြစ်သူ (သို့) |
| (ဂ) ရောဂါလက္ခဏာရှိသူ(သို့) ရောဂါရှိသူနှင့်ထိတွေ့မှု ရာဇဝင်ရှိပြီး ဆေးစစ်ချက်အဖြေ စောင့်ဆိုင်းနေသူ (သို့) | (ဂ) ရောဂါလက္ခဏာမရှိ-စစ်ဆေးခံရန် ငြင်းဆိုသူ | (ဂ) COVID-19 Test ပုံမှန်စစ်ဆေးပြီး (-ve) ဖြစ်နေသူ |
| (ဃ)ရောဂါလက္ခဏာရှိသော်လည်း စစ်ဆေးခံရန် ငြင်းဆန်သူ | | |

ယခုလက်ရှိအခြေအနေအရ၊ “Point of Care” testing လုပ်၍ ရနိုင်သည့် အချိန်ထိ ပုံမှန်သွားနှင့်ခံတွင်း ကုသမှု လိုအပ်သူတိုင်းကို COVID-19 ရောဂါသံသယအဆင့် (အလယ်အလတ်) ဟုသတ်မှတ်ထားသင့်ပါသည်။ အကယ်၍ လူနာသည် ၇၂နာရီအတွင်း COVID-19 test (-ve) အဖြေရထားပြီး အခြားဖြစ်နိုင်ခြေ အချက်အလက်များမရှိပါက (နည်းပါးအဆင့်) သံသယရှိသူစာရင်းတွင် အကျုံးဝင်ပါသည်။



Scanned with CamScanner

**အခန်း(၃) စံပြုလိုက်နာကျင့်သုံးရန် ရောဂါကာကွယ်ထိန်းချုပ်ရေး ဆောင်ရန်ရှောင်ရန် အချက်များ (Standard Infection Prevention Control Precautions -SICPs)**

စံပြုလိုက်နာကျင့်သုံးရန် ရောဂါကာကွယ်ထိန်းချုပ်ရေး ဆောင်ရန်ရှောင်ရန်အချက်များမှာ မြင်သိနိုင် မမြင်သိနိုင်သည့် ကူးစက်ရောဂါများမှ ကာကွယ်ရန် လိုက်နာဆောင်ရွက်ရမည့် အခြေခံအချက်အလက်များ ဖြစ်ပါသည်။

COVID-19 ရောဂါသံသယ (နည်းပါး) အခြေအနေပင် ဖြစ်လင့်ကစား **SICPs** အတိုင်း လိုက်နာလုပ်ဆောင်ရန် လိုအပ်ပါသည်။

**COVID-19 ရောဂါနှင့်သွားနှင့်ခံတွင်းကုသမှုဆိုင်ရာလုပ်ဆောင်ရန်အချက်များ**

(၁) လူနာအား အထက်ဖော်ပြပါအတိုင်း COVID-19 ရောဂါကူးစက်နိုင်ခြေနှင့် ပတ်သက်သော စစ်ဆေးမှု၊ သွားနှင့်ခံတွင်းရောဂါဝေဒနာ ပြင်းထန်မှုအတိုင်းအတာ ဆန်းစစ်များပြုလုပ်ခြင်း။ (COVID-19 ရောဂါဖြစ်နိုင်ခြေ ပဏာမဆန်းစစ်ခြင်းကို ဇယား-၁ တွင်ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။)

**(၂) လက်ဆေးခြင်း**

ရေနှင့်ဆပ်ပြာသုံးပြီး လက်ဆေးခြင်း (သို့) အယ်လကိုဟောအနည်းဆုံး ၆၀မှ ၈၀ရာခိုင်နှုန်း ပါဝင်သော လက်သန့်စင်ဆေးရည်ဖြင့် ဆေးကြောခြင်းကို လူနာမကုသခင်နှင့် ကုသပြီးတိုင်း၊ ဆေးခန်းသို့ မဝင်မီ-ထွက်ခွာသည့်အခါတိုင်း၊ ကူးစက်ရောဂါကာကွယ်ဝတ်စုံ - PPE ချွတ်ပြီးတိုင်းတွင် လုပ်ဆောင်ရပါမည်။

**(၃) အသက်ရှူလမ်းကြောင်းဆိုင်ရာ ကာကွယ်ခြင်း**

နှာချေချောင်းဆိုးလျှင် သေချာစွာအုပ်ထားရန်-ပါးစပ်နှင့်နှာခေါင်းစည်း သုံးစွဲရန် လိုအပ်ကြောင်း ပိုစတာများချိတ်ဆွဲခြင်း၊ ဝန်ထမ်းများ-လူနာများအတွက် လက်သန့်ဆေးရည်၊ တစ်ခါသုံးတစ်ရှူးနှင့် အသုံးပြုပြီး အမှိုက်များပစ်ရန် လုံခြုံသောအမှိုက်ပုံး ထားရှိပေးခြင်းတို့ ပြုလုပ်ရပါမည်။



Scanned with CamScanner

## (၄) ကူးစက်ရောဂါကာကွယ်ဝတ်စုံ - PPE အသုံးပြုခြင်း - ဇယား ၂ တွင် ကြည့်ရှုရန်

ဇယား -၂ သွားနှင့်ခံတွင်းကုသမှုများတွင် COVID-19 ရောဂါကာကွယ်ရေးအတွက် အသက်ရှူလမ်းကြောင်းကာကွယ်ရေးပစ္စည်းနှင့် ကူးစက်ရောဂါကာကွယ်ဝတ်စုံများ အသုံးပြုခြင်း

| ရောဂါရှိနိုင်ခြေ | မြင့်မား / High risk (Airborne precautions) | အလယ်အလတ် / Medium risk (Droplet/Contact precautions) | နည်းပါး/ Low risk[၁] (Standard precautions) |
|---|---|---|---|
| **ဧည့်ခန်း (သို့မဟုတ်) ကုသမှုမပေးခင်** | -လက်ဆေးခြင်း<br>-အရည်မစိမ့်နိုင်သော ခွဲစိတ်ခန်းသုံး Mask ခြင်း | -လက်ဆေးခြင်း<br>-အရည်မစိမ့်နိုင်သော ခွဲစိတ်ခန်းသုံး Mask ခြင်း | -လက်ဆေးခြင်း<br>-ရည်မစိမ့်နိုင်သော ခွဲစိတ်ခန်းသုံး Mask သုံးခြင်း |
| **လေရေမှုန်မွားမထွက်သည့်ကုသမှုများ(non-aerosol generating procedures)** | -လက်ဆေးခြင်း<br>တစ်ခါသုံးလက်အိတ်<br>-တစ်ခါသုံးအေပရွန်<br>-FRSM[၂]<br>-မျက်လုံးနှင့် မျက်နှာအကာအကွယ်ပစ္စည်းသုံးခြင်း (eye/face protection) | -လက်ဆေးခြင်း<br>တစ်ခါသုံးလက်အိတ်<br>-တစ်ခါသုံးအေပရွန်<br>-FRSM<br>-မျက်လုံးနှင့် မျက်နှာအကာအကွယ်ပစ္စည်းသုံးခြင်း | -လက်ဆေးခြင်း<br>-စ်ခါသုံးလက်အိတ်<br>-တစ်ခါသုံးအေပရွန်<br>-FRSM<br>-မျက်လုံးနှင့် မျက်နှာအကာအကွယ်ပစ္စည်းသုံးခြင်း |
| **လေရေမှုန်မွားထွက်သည့် ကုသမှုများ** | -လက်ဆေးခြင်း<br>-တစ်ခါသုံးလက်အိတ်<br>-တစ်ခါသုံးခွဲစိတ်ခန်းဝတ်စုံ[၃]<br>-FFP3 [၄](သို့)ခေါင်းစွပ်<br>-မျက်လုံးနှင့်မျက်နှာအကာအကွယ်ပစ္စည်းသုံးခြင်း[၅] | -လက်ဆေးခြင်း<br>-တစ်ခါသုံးလက်အိတ်<br>-တစ်ခါသုံးခွဲစိတ်ခန်းဝတ်စုံ<br>- FFP3 (သို့)ခေါင်းစွပ်<br>-မျက်လုံးနှင့်မျက်နှာအကာအကွယ်ပစ္စည်းသုံးခြင်း | -လက်ဆေးခြင်း<br>-တစ်ခါသုံးလက်အိတ်<br>-တစ်ခါသုံးပလတ်စတစ်အေပရွန်<br>-အရည်မစိမ့်နိုင်သော ခွဲခန်းသုံး Mask<br>-မျက်လုံးနှင့်မျက်နှာအကာအကွယ်ပစ္စည်းသုံးခြင်း |



Scanned with CamScanner

မှတ်ချက် -၁- COVID-19 ရောဂါသံသယအဆင့်(နည်းပါး)သူများကို ကုသရာတွင် တခြား ကူးစက်တတ်သော ရောဂါများ မရှိပါက လေရေအမှုန်အမွှား ထွက်စေသော ကုသမှုပေးရာ တွင် air-borne precautions မလိုအပ်ပါ။

-၂- FRSM = Fluid-resistant surgical mask - အရည်မစိမ့်နိုင်သော ခွဲခန်းသုံး Mask များအသုံးပြုရပါမည်။

-၃- တစ်ခါသုံးခွဲစိတ်ခန်းဝတ်စုံမရပါက ပြန်လည်အသုံးပြုနိုင်သော ခွဲစိတ်ခန်းဝတ်စုံ ဝတ်နိုင်ပါသည်။

-၄- FFP3/N95 = Filtering Face Piece 3 အမှုန်အမွှားလေးများအား ၉၉% စစ်ပေးနိုင်သည့် Mask များ။ N95 – Non oil resistant, ၀.၃မိုင်ခရွန်အမှုန်အမွှားလေးများ အား ၉၅% စစ်ပေးနိုင်သည့် Mask များ။ နှင့် ပြန်လည်အသုံးပြု၍ရသော respirator များကို ကျန်းမာရေးနှင့်ဘေးကင်းရေး ညွှန်ကြားချက်များအတိုင်း နှင့် ထုတ်လုပ်သူညွှန်ကြားချက်များ အတိုင်း တပ်ဆင်အသုံးပြုခြင်း၊ ပိုးသတ်သန့်စင်ခြင်းနှင့် filter လဲလှယ်ခြင်း ပြုလုပ်ရပါမည်။ အဆို့နှင့်ပါသောမျက်နှာတစ်ခုလုံးဖုံးသည့် အကာအကွယ်ပစ္စည်း (FFPs, with valves) ကို မျက်နှာကာပစ္စည်း (Full face visor) နှင့် ဖုံးအုပ်အသုံးပြုပါ။

-၅- မျက်လုံးနှင့်မျက်နှာအကာအကွယ်ပစ္စည်းများသည် တစ်ခါသုံးဖြစ်သင့်ပါသည်။ ပြန်လည်အသုံးပြု၍ ရသော ပစ္စည်းဖြစ်ပါက (ဥပမာ ပေါ်လီကာဗွန်နိတ်ဖြင့် ထုတ်လုပ်ထား သော) ထုတ်လုပ်သူ၏ ညွှန်ကြားချက် နှင့်ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ညွှန်ကြားချက် အတိုင်း ပိုးသတ်သန့်စင်ရပါမည်။ ပုံမှန်အသုံးပြုနေသော မျက်မှန်များသည် ထိရောက်သော ကာကွယ်မှုမပေးနိုင်ပါ အသက်ရှူပစ္စည်း (Respirator)နှင့်တွဲသုံးပါက မျက်လုံးနှင့် မျက်နှာ အကာအကွယ်ပစ္စည်းကို ကုသခန်းပြင်ပတွင်မှသာ ဖယ်ရှားရန် ဖြစ်ပါသည်။

**(၅) ကုသခန်းနှင့် ကိရိယာများ အန္တရာယ်ကင်းအောင် စီမံခန့်ခွဲခြင်း**

ကပ်ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ဆေးကုသခန်းနှင့် ကိ ရိယာများကို အနည်း ဆုံး တစ်နေ့ ၂ကြိမ် ပိုးသတ်သန့်စင်သင့်ပါသည်။ အထိတွေ့များသောနေရာများ အထူးသဖြင့် ဧည့်ခန်းနှင့် သွားကုသခုံတို့ကို လူနာတစ်ဦး ကုသမှုပြီးတိုင်း ပိုးသတ်သန့်စင်သင့်ပါသည်။



Scanned with CamScanner

- ကလိုရင်း ၀.၁% (သို့) ၁၀၀၀ ပီပီအမ် ပါဝင်သော ပိုးသန့်ဆေးရည် (သို့) ဘက်တီးရီးယား၊ မှိုနှင့် ဗိုင်းရပ်စ် သေစေနိုင်သော ပိုးသတ်ဆေးရည်ကို အသုံးပြုပါ။
- သန့်ရှင်းရေးပြုလုပ်ရာတွင် တစ်ခါသုံးသန့်ရှင်းရေးပစ္စည်းများ (ဥပမာ အဝတ်စ) ကိုသာ သုံးပါ။ ပြန်လည်အသုံးပြုနိုင်သော ပစ္စည်းများ၊ ဥပမာ တံမျက်စည်း၊ ရေပုံးများကို အသုံးပြုပြီးတိုင်း သေချာ သန့်ရှင်းအောင်ပြုပြီး ခြောက်သွေ့အောင်ထားပါ။
- ဆေးပစ္စည်းကိရိယာများကို ထုတ်လုပ်သူ၏ ညွှန်ကြားချက်အတိုင်း (သို့မဟုတ်) သက်ဆိုင်ရာ အဖွဲ့ အစည်း၏ ညွှန်ကြားချက်များအတိုင်း ပိုးသတ်သန့်စင်ပါ

**(၆) ဆေးခန်းဝတ်စုံများ စီမံခန့်ခွဲခြင်း**

ယူနီဖောင်းနှင့် ဆေးခန်းဝတ်စုံများကို ရေနွေးပူဖြင့် (အဝတ်သားအတွက် အမြင့်ဆုံး သတ်မှတ်ခံနိုင်ရည် အပူချိန်အတိုင်း) သီးခြားလျှော်ဖွတ်ရပါမည်။

**(၇) အသုံးပြုပြီးပစ္စည်းများ စွန့်ပစ်ခြင်း ( ဆွန်ထက်သောအရာများအပါအဝင်)**

အသုံးပြုပြီးပစ္စည်းများကို ရောဂါကူးစက်စေနိုင်သော အန္တရာယ်ရှိပစ္စည်းများ စွန့်ပစ်သည့် နည်းလမ်း အတိုင်း သေချာစွာ စွန့်ပစ်ပါ။

**(၈) လုပ်ငန်းခွင်လုံခြုံစေရေးနှင့် ကာကွယ်မှု**

ဆရာဝန်အပါအဝင် ဆေးခန်းဝန်ထမ်းများတွင် COVID-19 ရောဂါသံသယရှိပါက ရောဂါမပြန့်ပွားစေရန် အဆိုပါဝန်ထမ်းကို ရောဂါဝေဒနာများ သက်သာပျောက်ကင်းသည် အထိ မိမိအိမ်တွင်သာ ၁၀ရက်သီးခြားခွဲခြား နေထိုင်စေခြင်း(သို့) COVID-19 test (-ve) ဖြစ်သည့်အထိ နေထိုင်ရန် ခွင့်ပြုရပါမည်။ ဆေးစစ်ပြီးနောက်မှ ရောဂါလက္ခဏာပေါ်ပါက ရောဂါလက္ခဏာစပြသည့်နေ့မှစ၍ ၁၀ရက် မိမိနေအိမ်တွင်သာ သီးသန့်ခွဲခြား နေထိုင်စေရပါမည်။ ရောဂါဖြစ်ပွားပါက ဆိုးဝါးစွာ ခံစားရနိုင်သည့်အန္တရာယ်ရှိသည့် ဝန်ထမ်းကို (အလုပ်တာဝန်) သင့်လျော်အောင် စီမံဆောင်ရွက်ပေးရပါမည်။



Scanned with CamScanner

**(၉) တစ်ဦးနှင့်တစ်ဦး ဖဝေခွာနေထိုင်စေခြင်း**

ကူးစက်ရောဂါကာကွယ်ဝတ်စုံ - PPE ဝတ်ပြီး ကုသမှုပေးသည်မှလွဲ၍ ကျန်အချိန်များတွင် တစ်ဦးနှင့်တစ်ဦး ဖဝေခွာ နေထိုင်စေရပါမည်။ ဖဝေခြားရန် မဖြစ်နိုင်သောနေရာ (ဥပမာ ဧည့်ကြိုကောင်တာ) တွင် ပလက်စတစ်အကာများ အသုံးပြု ရပါမည်။ ဝန်ထမ်းများ နားနေခန်းသည် ဖဝေခွာရန် လုံလောက်သော အကျယ်အဝန်း မရှိပါက ဝန်ထမ်းများကို အဆိုင်းများခွဲကာ နားချိန်စီစဉ်ပေးသင့်ပါသည်။

**အခန်း (၄) ရောဂါကူးစက်ပြန့်ပွားမှုအခြေပြုလိုက်နာရန်အချက်များ - Transmission-based precautions**

ရောဂါကူးစက်ပြန့်ပွားမှု အခြေပြုလိုက်နာရန်အချက်များသည် COVID-19 အတည်ပြုလူနာ/ သံသယ လူနာတို့ကို ကုသမှုပေးရာတွင် စံပြုလိုက်နာကျင့်သုံးရန် ရောဂါကာကွယ်ထိန်းချုပ်ရေး ဆောင်ရန်ရှောင်ရန် အချက်များအပြင် ရောဂါကူးစက်မှုထိန်းချုပ်ရေးအတွက် အပိုဆောင်းလိုက်နာရန် ဆောင်ရန်ရှောင်ရန်အချက်များ ဖြစ်ပါသည်။ ဤအချက်များမှာ ရောဂါကူးစက်ပြန့်ပွားစေသည့် လမ်းကြောင်းများအပေါ် အခြေခံပါသည်။

- **Contact Precautions** ရောဂါရှိသူနှင့် တိုက်ရိုက်ထိတွေ့ခြင်းဖြင့်သော်လည်းကောင်း၊ ရောဂါရှိသူနှင့် ထိစပ်ခဲ့သော ပတ်ဝန်းကျင် (သို့) ပစ္စည်းများမှတဆင့် ကူးစက်နိုင်သည့် အတွက် ထိတွေ့မှုနည်းစေရန် လိုက်နာရန် အချက်များ

- **Droplet Precautions** ရောဂါရှိသူ နှာချေ၊ ချောင်းဆိုးရာမှ အသက်ရှူလမ်းကြောင်းမှ ထွက်လာသော သေးငယ်သောအမှုန်များနှင့် ထိစပ်တွေ့မိခြင်း၊ ရောဂါရှိသူနှင့်နီးကပ်စွာနေခြင်းမှ တဆင့်လည်း ကူးစက်နိုင်ပါသည့် အတွက် ထိုအမှုန်များနှင့် တိုက်ရိုက်မထိတွေ့စေရန် လိုက်နာရန်အချက်များ

- **Airborne Precautions** လေထဲတွင်ပျံ့နှံ့နေသော ၀.၅ မိုက်ခရိုမီတာအောက် သေးငယ်သော အမှုန် အမွှားများ မှတဆင့် ကူးစက်နိုင်ပြီး လေရေအမှုန်အမွှားထွက်စေသော သွားနှင့်ခံတွင်းကုသမှုများ (AGP) ဆောင်ရွက်နေစဉ်တွင် ထွက်ရှိသော အမှုန့်အမွှား (Aerosols) များမှ ကူးစက်နိုင်ခြေ အလွန်များသဖြင့် လေမှကူးစက်မှုမရှိစေရန် လိုက်နာရန်



Scanned with CamScanner

အချက်များ စံပြုလိုက်နာကျင့်သုံးရန် ရောဂါကာကွယ်ထိန်းချုပ်ရေး ဆောင်ရန်ရှောင်ရန် အချက်များ (**Standard Infection Prevention Control Precautions -SICPs)** မှာ သိမြင်နိုင်/မသိမြင်နိုင်သော ကူးစက်ရောဂါ အမျိုးမျိုးမှ ကာကွယ်နိုင်သည့်အတွက် ကိုဗစ် ရောဂါသံသယအဆင့် အားလုံးတွင် လိုက်နာလုပ်ဆောင်ရမည်။

## အခန်း(၅) လေရေအမှုန်အမွှားထွက်စေသောကုသမှုဆိုင်ရာ အချက်အလက်များ

လေရေအမှုန်အမွှား ထွက်စေသောကုသမှုများသည် ရောဂါရှိသူ၏ အသက်ရှူလမ်း ကြောင်းမှ အလွန်သေးငယ်သောအမှုန်များကို နေရာအနှံ့ပျံ့နှံ့စေကာ လေထဲမှတဆင့် ရှူရှိုက်မိသူအား ရောဂါများ ကူးစက်စေနိုင်ပါသည်။

COVID-19 ရောဂါသံသယအဆင့် (အလယ်အလတ်နှင့် မြင့်မား) များကို လေရေ အမှုန်အမွှား ထွက်စေသောကုသမှုပေးရာတွင် လေမှတဆင့် ကူးစက်နိုင်သောရောဂါများ ကာကွယ်ရေးဆိုင်ရာ အချက်များ (air-borne precautions) လုပ်ဆောင်ရန် လိုအပ်ပါသည်။ ကုသခန်းတွင်း ကုသချိန်တွင် ကုသပေးမည့်သူနှင့် မဖြစ်မနေ လိုအပ်သူသာဝင်ရပါမည်။ လေနှင့်ရေဖြန်းအားအသုံးပြုရသော အောက်ပါကိရိယာများကို သုံးပြီး ကုသသည့် သွားနှင့် ခံတွင်းကုသမှုများသည် အမှုန်အမွှားများကို ဖြစ်ပေါ်စေပါသည်။

- Ultrasonic scaler (including Piezo)
- Hight speed air/ electric rotor (i.e. 60,000 rpm)
- Piezo surgical handpiece
- Air polisher

သတိပြုရန် ။ ။ သုတေသနအချို့အရ 3-in-1 syringe များကို ရေသီးသန့် (သို့) လေသီးသန့် အသုံးပြုပါက ရောဂါကူးစက်ရန် အခွင့်နည်းပါးသည်ဟု ဆိုကြပါသည်။ ရေသီးသန့်အသုံးပြုပါက ကူးစက်မှုအနည်းဆုံးဟု ဆိုပါသည်။ သို့သော် 3-in-1 syringe အသုံးပြုခြင်းကို လေရေ အမှုန်အမွှားထွက်စေသောကုသမှုများထဲတွင် ထည့်သွင်းစဉ်းစားခြင်းမရှိသေးပါ။



Scanned with CamScanner

**အခန်း(၆) အသက်ရှူလမ်းကြောင်းကာကွယ်ရေးပစ္စည်းအပါအဝင် ကူးစက်ရောဂါ ကာကွယ်ဝတ်စုံ များအသုံးပြုခြင်း**

လေရေအမှုန်အမွှားထွက်စေသောကုသမှုများပေးစဉ်တွင် COVID-19 ရောဂါသံသယ အဆင့် (နည်းပါး၊ အလယ်အလတ်နှင့် မြင့်မား) ပေါ်မူတည်ပြီး ကူးစက်ရောဂါကာကွယ်ဝတ်စုံ (PPE) ဝတ်ဆင်ရန် ဇယား-၂တွင် ဖော်ပြထားပါသည်။ ကုသမှုတွင်ပါဝင်သော ဆရာဝန်နှင့် အကူဝန်ထမ်းများအားလုံး အသက်ရှူလမ်းကြောင်း ကာကွယ်ရေးပစ္စည်းအပါအဝင် ကူးစက် ရောဂါကာကွယ်ဝတ်စုံ (PPE) ကို ဝတ်ဆင်ရမည်။

သွားတုပညာရှင်နှင့် လုပ်သားများသည် သွားတုအလုပ်ခန်းလမ်းညွှန် နှိုင်းချက်များနှင့် ရောဂါကူးစက်မှု ကာကွယ်ရေး နည်းလမ်းများအတိုင်း ဆောင်ရွက်ခြင်း၊ ဖေစီကွာအလုပ် လုပ်ခြင်း အသက်ရှူလမ်းကြောင်း ဆိုင်ရာ အကာအကွယ်ပစ္စည်းသုံးခြင်းများ လိုက်နာရပါ မည်။

သွားနှင့်ခံတွင်းကုသခန်းအတွက် ပြင်ဆင်ထိန်းသိမ်းခြင်းစသည့် အင်ဂျင်နီယာ လုပ်ငန်း ဆောင်ရွက်သူများသည် ကုသခန်းကို သေချာစွာပိုးသတ်ပြီးနောက် ရောဂါကာကွယ် ရေး အကာအကွယ်များဖြင့် ပြင်ဆင်ဆောင် ရွက်ရပါမည်။

**အခန်း (၇) လေဝင်လေထွက် လိုအပ်ချက်များ**

အလုပ်ခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အလုံပိတ်အခန်း များကို သဘာဝအတိုင်း (သို့) စက်ကိရိယာအားဖြင့် လေဝင်လေထွက် ကောင်းအောင် စီမံရပါမည်။ ကုသခန်းတွင် တစ်နာရီလျှင် လေဝင်လေထွက် 10 Air Change/hour (ACH) ရှိသင့်ပါသည်။

လေဝင်လေထွက်ကောင်းအောင်ပြုခြင်းသည် သွားနှင့်ခံတွင်းဆေးကုသခန်းများ တွင် လေနှင့် အမှုန် အမွှားများမှတဆင့် ကူးစက်တတ်သော ရောဂါများ လျော့နည်းစေရေး အတွက် အရေးပါပါသည်။ ဆေးခန်းအတွင်း လေဝင်လေထွက်ကောင်းအောင် စီမံရေးအတွက် လိုအပ်ပါက ကျွမ်းကျင်သူများထံမှ အကြံဉာဏ် ရယူသင့်ပါသည်။



Scanned with CamScanner

## အခန်း(၈) ပတ်ဝန်းကျင်အန္တရာယ်လျှော့ချရေးဆိုင်ရာ အကြံပြုချက်များ

### လေသန့်စင်စက်များ

HEPA Fitter system (သို့) UV.C အခြေခံထုတ်လုပ်ထားသော လေသန့်စင်စက်များသည် ထိရောက်သောပစ္စည်းများဖြစ်သော်လည်း ထုတ်လုပ်သူအာမခံချက်နှင့် စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ကြည့်ရန် လိုအပ်ပါသည်။

မည်သည့်ပစ္စည်းများက လေစစ်ပေးခြင်း (သို့) ပိုးမွှားများကို သေစေခြင်းအားဖြင့် လေထဲမှအသက်ရှိသော ပိုးမွှားများကို ဖယ်ရှားနိုင်သည်ဟူသော ထောက်ခံချက်မပေးနိုင်ပါ။ အကြောင်းအရင်းမှာ-

(က) စက်မှတဆင့် လေဖြတ်သွားနှုန်းအနည်းအများမတူညီခြင်း၊

(ခ) လေစစ်ပေးစွမ်း (သို့) ပိုးသတ်နိုင်စွမ်းပေါ်မူတည်၍ ရောဂါပိုးမွှားများကိုဖယ်ရှားသုတ်သင်နိုင်ခြင်း၊

(ဂ) အချိန်ကြာမြင့်သည်နှင့်အမျှ လေစစ်လွှာပိတ်နိုင်ခြင်း ဖြစ်နိုင်ပါသည်။ UV အသုံးပြုပိုးသတ်ခြင်းတွင်လည်း အချိန်နှင့်အမျှ ဖုန်မှုန့်ကပ်ခြင်းကြောင့် ထွက်ရှိသော UVပမာဏ ပြောင်းလဲနိုင်ခြင်း ပိုးသတ်နိုင်စွမ်း ပြောင်းလဲခြင်း ရှိနိုင်ပါသည်။

အခန်းတွင်းလေကို သန့်စင်၍ပြန်လည်လည်ပတ်စေသော လေသန့်စင်စက်များ အပိုဆောင်းအသုံးပြုခြင်းဖြင့် ကုသခန်းအတွင်း လေဝင်လေထွက်ကို ပိုမိုကောင်းမွန်စေပါသည်။ သို့ရာတွင် အသုံးပြုသော လေသန့်စင်စက်၏ အရည်အသွေး၊ အရွယ်အစားနှင့် အခန်းအကျယ်အဝန်းတို့ပေါ်မူတည်ပြီး ထိရောက်မှု ကွာခြားနိုင်ပါသည်။

### ပန်ကာများ

ပန်ကာများသည် လေထုတွင်း လေဝဲဂယက်လှုပ်ရှားမှုများ ဖြစ်စေခြင်းအားဖြင့် အမှုန်အမွှားများ စုစည်းနေမှုကို လျော့ကျစေပြီး ပန်ကာလေကို ပြတင်းပေါက်နှင့် လေထုတ်စက်များရှိရာဘက်သို့ ဦးတည်ခြင်းဖြင့် အကျိုးရှိစေနိုင်ပါသည်။ ပန်ကာများကို တံခါးဝဘက်လှည့်ထားခြင်းဖြင့် အခြားအခန်းဘက်သို့ လေမှုတ်ထုတ်ခြင်း မပြုသင့်ပါ။ ပန်ကာများကို ပုံမှန်သန့်ရှင်းရေးပြုလုပ်သင့်ပြီး ရောဂါဖြစ်နိုင်ခြေ မြင့်မားသောလူနာများတွင် အသုံးမပြုသင့်ပါ။



Scanned with CamScanner

**လေအေးပေးစက်များ**

လေအေးပေးစက်များ (အသေတပ်ဆင်ထားသော အမျိုးအစားနှင့် ရွှေ့ပြောင်းနိုင်သောအမျိုးအစား) များကို အသုံးပြုနိုင်ပါသည်။ လေဝင်လေထွက်မကောင်းသော အခန်းများတွင် အခန်းတွင်းအပူချိန် လျော့ကျစေသလို လေထဲရှိ အမှုန်အမွှားများစုစည်းနေမှုကို လျော့ကျစေနိုင်ပါသည်။

Portable air con များကို တံခါးဝဘက် လှည့်ထားခြင်းဖြင့် အခြားအခန်းဘက်သို့ လေမှုတ်ထုတ်ခြင်း မဖြစ်စေသင့်ပါ။ ရေစုစည်းသည့် reservoir ကိုသွန်လဲသည့်အခါ ရေထဲတွင် Legionella အပါအဝင် တခြားပိုးမွှားများရှိနိုင်သည်ကို သတိပြုရန် လိုအပ်ပါသည်။ ရေနွေစဉ်လဲလှယ်သန့်စင်ရန်နှင့် ထုတ်လုပ်သူ၏ ညွှန်ကြားချက်နှင့်အညီ ထိန်းသိမ်းမှုပြုပါ။ ရေမှုန်ထွက်စေသော humidifier ပါဝင်သော air cooler များကို အသုံးမပြုသင့်ပါ။

**အခန်းတွင်းအငွေ့ဖြင့်ပိုးသတ်ခြင်း**

ပုံမှန်လုပ်ရိုးလုပ်စဉ်အဖြစ် ပိုးသတ်ဆေးရည်ဖြင့် Fumigation နှင့် fogging device များကိုသုံးပြီး အခန်းတွင်းငွေ့ဖြင့် ပိုးသတ်ရန် မလိုအပ်ပါ multi-drug resistant organism's များကို ဖယ်ရှားရန် လိုအပ်သည့်အခါမျိုးတွင်သာ အထူး ပိုးသတ်ထိန်းချုပ်ရန်အတွက်သုံးရန် လိုအပ်ပါသည်။

**ဆေးခန်းစွန့်ပစ်ပစ္စည်းများစနစ်တကျစွန့်ပစ်ခြင်း**

ဆေးခန်းမှ အသုံးပြုပြီးထွက်ရှိလာသော surgical gown, mask, glove နှင့် အခြားစွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနတို့က သတ်မှတ်ထားသည့် ကျန်းမာရေးစောင့်ရှောက်မှုမှ ထွက်ရှိလာသည့် အန္တရာယ်ရှိသည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှု နည်းလမ်းများကို လိုက်နာပြီး အမျိုးအစားခွဲခြား၍ စနစ်တကျ စွန့်ပစ်ရပါမည်။

## အခန်း(၉) လေရေအမှုန်အမွှားထွက်စေသောကုသမှုအပြီးစောင့်ဆိုင်းရန်အချိန် (Post AGP downtime)

ကုသခန်းတွင်း လူနာများ၊ ဆရာဝန်နှင့် အကူဝန်ထမ်းများ ရောဂါအန္တရာယ်လျော့နည်းစေရန်အတွက် လေရေအမှုန်အမွှားထွက်စေသော ကုသမှုအပြီးတွင် လေထဲရှိအမှုန်အမွှားများ ဓ၉ရာနှုန်းခန့် လွင့်ပါး/အထိုင် ကျပျောက်ကွယ်ချိန်ကို လုံလောက်အောင်



Scanned with CamScanner

အချိန်တခုစောင့်ပြီးမှ အခန်းနံရံ-ကြမ်းပြင်-မျက်နှာပြင်စသည်တို့က သန့်ရှင်းရေးလုပ်ပြီး နောက်လူနာတဦး ဆက်လက်ကုသပေးရန်အတွက် ပြင်ဆင်သင့်ပါသည်။

သဘာဝလေဝင်လေထွက်မရှိသော (သို့မဟုတ်) လေဝင်လေထွက်ကောင်းမွန်အောင် စက်တပ်ဆင်မထား သည့် (no ventilation) အခန်းတွင် လေရေအမှုန်အမွှားထွက်သောကုသမှုများ (AGPs) ကို မလုပ်ဆောင်သင့်ပါ။

အခန်းတွင်းလေဝင်လေထွက်နှုန်း (Air Changer Per Hour – ACH) ပမာဏမသိသောအခြေအနေ(သို့) ACH သည် 1 to 5 ACH ရှိခဲ့သော် အခြေခံ Post AGP downtime ကို ၃၀ မိနစ် ဟုသတ်မှတ်ပါသည်။

(High-volume suction နှင့် rubber dam သုံးသော case များတွင်)

- ACH သည် 6 to 9 ACH ဖြစ်ပါက အခြေခံ post AGP downtime ကို ၂၀ မိနစ် သတ်မှတ်ပါသည်၊
- ACH သည် 10 or more ဖြစ်ပါက အခြေခံ post AGP downtime ကို ၁၅မိနစ် သတ်မှတ်ပါသည်၊

**သတိပြုရန်**

- Low risk patient များကို ကုသရာတွင် post AGP downtime မလိုပါ၊
- High risk patient များကို အခြားလူနာများနှင့် ထိတွေ့မှုမရှိစေရန် အချိန်(သို့) အခန်း ခွဲခြားကုသရန်၊
- Suction,၊ Ventilation နှင့် လေသန့်စင်စက်အပါအဝင် ကိရိယာများအားလုံးကို ထုတ်လုပ်သူ၏ ညွှန်ကြားချက်အတိုင်း အသုံးပြုရန်နှင့် ထိန်းသိမ်းမှုပြုရန်၊
- ဆေးခန်းအလုပ်ခွင် ပတ်ဝန်းကျင်သန့်ရှင်းရေးမပြုခင် post AGP downtime ကို အနည်းဆုံး ၁၀မိနစ် ထားရန် ၊
- နောက်ဆုံးလေရေအမှုန်အမွှားများ ထွက်သည့်ကုသမှုပြီးချိန်မှသာ post AGP downtime စတင်ရေတွက်သတ်မှတ်ရန်၊

ထိုသို့ တွက်ဆရန် အခန်းတွင်း တစ်နာရီလေလဲလှယ်နှုန်းနှင့် သွားကုသမှုအခြေအနေ (အသုံးပြုသည့် ပစ္စည်းများနှင့်ကြာချိန်) ကိုပါ မူတည်စဉ်းစားရပါမည်။



Scanned with CamScanner